# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၁၁ ရက်မြောက်နေ့မှတ်တမ်း (မူကြမ်း)
# (၅-၉-၂၀၁၁)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေးမစတင်မီမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြိုတင်တင်ပြစရာ အနည်းငယ်ရှိပါတယ်။ ကျွန်တော်တို့ ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၃း၃၀ နာရီခန့်မှာ စတင်ဆောင်ရွက်ပါမယ်။ မူလက ကိုယ်စားလှယ်ကြီး များထံကြိုတင်ဖြန့်ဝေထားတဲ့ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး တို့ရဲ့ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဆောင်ရွက်မည့်အစီအစဉ်ကို ပယ်ဖျက်ကြောင်း တင်ပြပါတယ်။ နောက်တစ်ခုက တစ်ဆက်တည်းမှာပဲ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်ကြီးများ ဥပဒေကြမ်းများဆွေးနွေးဖို့၊ ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ကိစ္စတွေနဲ့ပတ်သက်လို့ အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းများကို တင်သွင်းပြီးတော့ ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်ရေးအစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီးတဲ့အချိန်မှာ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ဆွေးနွေးလိုသူ အမည်စာရင်းတောင်းခံလျက်ရှိပါတယ်။ အဲဒီလို အမည်စာရင်းတောင်းခံတဲ့အချိန်မှာ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ် ဖြည့်သွင်းပေးရမယ့် ပုံစံလေးတွေလည်း ဖြန့်ဝေတာရှိပါတယ်။ အဲဒီပုံစံမှာ ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများထဲက သတ်မှတ်ချက်များနှင့်အညီ သာမန်ဆွေးနွေးတဲ့ အပိုင်းတစ်ပိုင်းနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့အပိုင်း နှစ်ပိုင်းကို ကျွန်တော်တို့ ဒါကျွန်တော်တို့ နားလည်၊ တတ်စွမ်းသမျှ ပုံစံလေး သတ်မှတ်ပေးပြီးတော့မှ ဒီပုံစံမှာ ဖြည့်သွင်းပြီးတော့ တင်သွင်းလိုတဲ့ ကိုယ်စားလှယ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတော့ တင်ပြရန် ကျွန်တော်တို့ စီမံ ဆောင်ရွက်ထားပါတယ်။ အဲဒီမှာ ပထမအပိုဒ်မှာပါတဲ့ ဆွေးနွေးလိုတယ်ဆိုတဲ့ အကြောင်းအရာကတော့ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ သာမန်အားဖြင့် ဆွေးနွေးတဲ့ သဘောပဲဖြစ်ပါတယ်။ ဆွေးနွေးချက်အနေနဲ့ ပြောကြားပြီးတော့မှ ဒီဆွေးနွေးချက်ဟာ လတ်တလောအားဖြင့် ဒီဥပဒေကြမ်းပေါ်မှာ သက်ရောက်မှု မရှိတဲ့အနေအထားမျိုးဖြစ်ပါတယ်။ဥပဒေကြမ်းကိုထောက်ခံဆွေးနွေးတာပဲဖြစ်ဖြစ်၊တခြားရှုထောင့်ဘက်က ဆွေးနွေးတာပဲဖြစ်ဖြစ် ပြင်ဆင်ချက်တစ်စုံတစ်ရာမပါတဲ့ ဆွေးနွေးချက်ဟာ ဆွေးနွေးရုံသက်သက် သဘောမျိုးဖြစ်ပါတယ်။ အဲတော့ ပထမအပိုဒ် ဆွေးနွေးလိုသည့်အကြောင်းအရာဆိုတာတော့ ဒီဟာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ နောက်တစ်ပိုဒ်မှာပါတဲ့ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့်

အကြောင်းအရာအချက်အလက်ဆိုတဲ့အပိုင်းမှာကတော့ ဒီဥပဒေကြမ်းမှာပါတဲ့ အပိုဒ် ၁၊ ၂၊ ၃ သို့တည်းမဟုတ် အပိုဒ် ၁၊ အပိုဒ်ခွဲ(က)၊ (ခ) ဒီနေရာမှာ ရေးသားထားတဲ့စာသား၊ အကြောင်းအရာကို မိမိအစားထိုးလိုတဲ့ စာသား၊ အကြောင်းအရာ ဒီဟာကို ဖော်ပြဖို့ဖြစ်ပါတယ်။ သို့တည်းမဟုတ် ဒီစာပိုဒ်ကို ဒီအပိုဒ်ခွဲကို ပယ်ဖျက်လိုတယ်ဆိုတဲ့ ဒီအပိုဒ်ခွဲကို ပယ်ဖျက်ရန်၊ ပယ်ဖျက်ပြီးတော့မှ မိမိ အစားထိုးလိုတာ ရှိတယ်ဆိုရင်လည်း မိမိအစားထိုးလိုတဲ့ စာသား၊ စကားရပ် ဒီဟာကို ရေးသား ပြီးတော့မှ ကျွန်တော်တို့ဆီကို ဒီပြင်ဆင်ချက်အဆို တင်သွင်းဖို့ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ ကျွန်တော်တို့ ဥပမာအားဖြင့် တင်ပြရရင် လျာထားအစီအစဉ်ထဲမှာ ကျွန်တော်တို့ ဖြန့်ဝေထားတဲ့ထဲမှာပါတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဒါပြင်ဆင်ချက် အဆိုတင်သွင်းထားသူ ကိုယ်စားလှယ်တစ်ဦးရှိပါတယ်။ ကျန်ရှိတဲ့ ပြင်ဆင်ချက်အပိုင်းမှာတော့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာထဲမှာပါတဲ့ ပြင်ဆင်ချက်သာရှိပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဥပဒေကြမ်းကို စတင်ဆွေးနွေးပြီးတော့မှ တစ်ပိုဒ်ချင်းအတည်ပြုခြင်း ဆောင်ရွက်တဲ့အခါမှာ အပိုဒ် ၁ ကနေစပြီးတော့မှ အစဉ်လိုက်ပဲသွားမှာ ဖြစ်ပါတယ်။ အကယ်၍ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ ၂၊ ၃၊ ၄ မှာ ပြင်ဆင်ချက်အဆို တင်သွင်းသူမရှိဘူး။ ဒီပေါ်မှာ ဆွေးနွေးလိုသူလည်း မရှိဘူးဆိုရင် အပိုဒ် ၁၊ ၂၊ ၃၊ ၄ ဟာ ဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်သည်ဆိုပြီးတော့ ဥက္ကဋ္ဌကနေ အဆိုတင်သွင်းပြီးတော့မှ ဒီအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံတယ်ဆိုရင်၊ သဘောတူတယ်ဆိုရင် ဒီအပိုဒ် ၁၊ ၂၊ ၃၊ ၄ ဟာ ဒါအတည်ဖြစ်တဲ့သဘော ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အပိုဒ် ၅ ဟာ ဥပဒေကြမ်းရဲ့ အစိတ်အပိုင်း ဖြစ်သည်လို့ ဥက္ကဋ္ဌမှ အဆိုတင်သွင်းရာမှာ အပိုဒ် ၅ နဲ့ ပတ်သက်လို့ ဆွေးနွေးလိုသူ၊ အပိုဒ် ၅ နဲ့ ပတ်သက်လို့ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသူဟာ အဲဒီအချိန်မှာ မိမိရဲ့ဆွေးနွေးလိုတဲ့အချက်၊ ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ဟာကို ဆွေးနွေးတင်သွင်းဖို့ ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ အစီအစဉ် အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ တင်သွင်းမှုရှိတယ်ဆိုရင် အဲဒီဥပဒေကြမ်းကို ပြင်ဆင်ချက်အဆို တင်သွင်းတဲ့နေ့မှာပဲ အတည်ပြုခြင်း မပြုလုပ်ရဘူးလို့ သတ်မှတ်ထားပါတယ်။ သို့သော်လည်း ပြင်ဆင်ချက်အဆိုဟာ သာမန်အားဖြင့် တစ်ခုစောစောကတင်ပြသလို အကြောင်းအရာ တစ်ခုသာ ရှိပြီးတော့မှ အဲဒီနေ့မှာပဲ ဒီအဆိုကိုလည်း အတည်ပြုအောင် ဒီဥပဒေကြမ်းကို အတည်ပြုရေး အတွက် ဆက်လက်ဆောင်ရွက်နိုင်တဲ့ အနေအထားရှိတယ်ဆိုရင်တော့ ခြွင်းချက်အနေနဲ့ ဒါ ဥက္ကဋ္ဌကြီးရဲ့ သဘောထားရယူပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ကောင်း ဆောင်ရွက်ရတာမျိုး ရှိနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ နောက်ရက်တွေမှာ ဆွေးနွေးမယ့် ဥပဒေကြမ်းများနဲ့ ပတ်သက်လို့ ပြင်ဆင်ချက်အဆို

တင်သွင်းလိုသူ၊ ဆွေးနွေးလိုသူများဟာ စောစောက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ဖော်ပြပြီးတော့ ဆောင်ရွက်ကြဖို့ ဒါတင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အစုအဖွဲ့လိုက် တင်ပြတာတွေလည်း ရှိပါတယ်။ အစုအဖွဲ့အလိုက် တင်ပြတာမျိုးရှိခဲ့ရင်လည်း အဲဒီအစုအဖွဲ့ကိုယ်စားဘယ်သူက တာဝန်ယူပြီးတော့မှ ဘယ်အပိုဒ်ကိုတော့ တင်ပြပါ့မယ်ဆိုတာလေးကိုပါ ထည့်သွင်းပြီးတော့မှ ကျွန်တော်တို့ဆီကို ပေးပို့မယ်ဆိုရင် အဲဒီအတိုင်း ကျွန်တော်တို့ လိုက်နာဆောင်ရွက်ပေးပါ့မယ်။ အစုအဖွဲ့နဲ့ ပြင်ဆင်လိုတဲ့အချက်အဆိုတင်သွင်းလိုတဲ့ ကိုယ်စားလှယ်များအနေနဲ့လည်း ဒီအစုအဖွဲ့ကိုယ်စား ဘယ်သူကတော့ ဒီအဆိုကိုတင်သွင်းပါ့မယ်ဆိုတာလေးပါ ထည့်သွင်းပေးဖို့ မေတ္တာရပ်ခံလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၃း၃၀ နာရီခန့်မှာ စတင်မှာ ဖြစ်တဲ့အတွက် အစည်းအဝေးမစတင်မီမှာ ကျွန်တော် ခေါင်းလောင်းအသံရှည်တီးပေးပါ့မယ်။ အဲဒီအသံရှည်တီးတဲ့အချိန်မှာ ပြန်လည်နေရာယူရင် ရရှိကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ အခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၁၁ ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ရက်မြောက်နေ့မှာပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၄၇ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထ မြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေသုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ အစီအစဉ်များအတိုင်း ဆက်လက်မဆောင်ရွက်မီ အနည်းငယ်တင်ပြလိုတာရှိပါတယ်။ အခြေအနေပေါ် မူတည်ပြီး လွှတ်တော်အစီအစဉ်များ ပြောင်းလဲရသည်ကို နားလည်ပေးဖို့ တင်ပြလိုပါတယ်။ မူလဒီရက်မှာ ပြည်ထောင်စုလွှတ်တော်မှာ တစ်ရက်လုံးအစီအစဉ်ရှိပါတယ်။ မနက်ဖြန်လည်း

ပြည်ထောင်စုလွှတ်တော်မှာ တစ်ရက်လုံး အစီအစဉ်ရှိပါတယ်။ သို့ရာတွင် အခြေအနေပြောင်းလဲလိုက်တဲ့အတွက် ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်များသိတဲ့အတိုင်းပဲ ပြည်ထောင်စုလွှတ်တော်ဟာမနက် ၁၁ နာရီကျော်ကျော်မှာ ပြီးသွားပါတယ်။ ဒီအတိုင်းပဲ မိမိတို့ရရှိထားတဲ့အချိန်ကို ထိထိရောက်ရောက် အကျိုးရှိရှိအသုံးပြုမည်လို့လည်း တင်ပြခဲ့တာရှိပါတယ်။ ဒါကြောင့်လည်း ညနေပိုင်းအချိန်များ မဆုံးရှုံးရအောင်နဲ့ ထိထိရောက်ရောက် အကျိုးရှိရှိအသုံးပြုနိုင်ဖို့အတွက် မူလအစီအစဉ်မရှိတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကိုလည်း ညနေပိုင်းမှာကျင်းပရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် မူလအစီအစဉ်မရှိတဲ့ ဒီအစည်းအဝေးပြုလုပ်ရခြင်းဟာ ပြီးခဲ့တဲ့ရက်ပိုင်းက ကော်မတီများဖွဲ့စည်းခြင်း၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်အခွင့်အရေးများ သတ်မှတ်ပေးခြင်းနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ တင်ပြဖတ်ကြားသွားတာတွေရှိပါတယ်။ တင်ပြဖတ်ကြားပြီးတဲ့နောက်ပိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ သတိပြုမယ်ဆိုလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အတည်ပြုချက် လွှတ်တော်ရဲ့အတည်ပြုချက်ရယူခဲ့ခြင်း မရှိပါဘူး။ အဲလိုမရှိတာကို ကျော်ပြီးတော့ လုပ်သွားတယ်ထင်မှာစိုးတဲ့အတွက် မိမိရဲ့အခမ်းအနားမှူးကိုခေါ်၊ ခေါ်ပြီးတဲ့အခါမှာ မိမိကျော်သွားမယ် ဘာမှမပြောနဲ့လို့ဒီလိုလည်း ပြောခဲ့တာရှိပါတယ်။ အဲဒီအကြောင်းသည် ဒီကနေ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဖတ်ကြား တင်ပြအတည်ပြုမယ့်ကိစ္စနဲ့ဆိုင်ပါတယ်။ ပြီးခဲ့တဲ့ရက်က ဒုတိယဥက္ကဋ္ဌတင်ပြသွားခြင်းသည် လုပ်နည်းပိုင်းတွေများပြီးတော့ မူဝါဒပိုင်းမှာနည်းခဲ့ပါတယ်။ အဲလိုနည်းခဲ့တာလည်း မိမိတို့ရဲ့အဓိကတော့မိမိမှာပဲ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဖတ်ကြားနေစဉ်မှာပဲ တချို့မူဝါဒမဆန်သော လုပ်နည်းလုပ်ဟန်ဆန်သော အရာများပါသွားပြီး လွှတ်တော်ကတော့ မိမိတို့တာဝန် မိမိတို့ထမ်းဆောင်တယ်။ သို့ရာတွင် မိမိတို့ပြောဆိုသုံးနှုန်းလိုက်တဲ့ အသုံးအနှုန်းတွေက နိုင်ငံတော် အစိုးရအတွက်ကျတဲ့အခါကျတော့ တမျိုးအယူအဆ သဘောပေါက်မှားမယ်ဆိုလို့ရှိရင် မိမိတို့လွှတ်တော်နဲ့ နိုင်ငံတော်အစိုးရအကြား အထင်အမြင်တစ်မျိုးဖြစ်သွားမှာစိုးတဲ့အတွက် တချို့အသုံးအနှုန်းများကို ပြန်လည်စိစစ်သုံးသပ်ပြီး ဒီနေ့ကျတော့မှ လွှတ်တော်ကိုတင်ပြပြီး အတည်ပြုချက်ရယူဖို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာလည်း ယနေ့အတွက် မူလအစီအစဉ်က ဒီလွှတ်တော်အစည်းအဝေးမလုပ်ဘူး။ သို့ရာတွင် ခန့်မှန်းညနေနှစ်နာရီနဲ့ သုံးနာရီကြားမှာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနဲ့ မိမိဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးလုပ်မယ်ဆိုပြီး ဒီလို ရည်မှန်းခဲ့ပါတယ်။ သို့ရာတွင် အချိန်လည်းပိုရ၊ လွှတ်တော်ကိုလည်း အတည်ပြုချက်ရယူပြီးမှ ကော်မတီဥက္ကဋ္ဌများနဲ့ အစည်းအဝေးလုပ်တာပိုပြီးတော့ သဘာဝကျမှာဖြစ်တဲ့အတွက် အခုလိုပြောင်းလဲပြီးတော့ လွှတ်တော်အစည်းအဝေး ကျင်းပခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့အစီအစဉ်အတိုင်းကျွန်တော်တို့ဆက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၀ အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါကခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်လှမောင်ကိုယ်စား ခွင့်တိုင်ကြားပေးမှာ ဖြစ်ပါတယ်။ ဦးနိုင်လှမောင်သည် နှလုံးရောဂါကို ကုသနေရပြီးပူးတွဲပါ နှလုံးပါရဂူဆရာဝန်၏ ညွှန်ကြားချက်အတိုင်းခွင့်ရက် စက်တင်ဘာ ၅ ရက်မှ ရက်သတ္တပတ် ၆ ပတ်အနားယူရန်ဖြစ်ပါ၍ ခွင့်ပြုပေးပါရန်ကိုယ်စားခွင့် တောင်းခံအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဌေးလွင်(ခေါ်)ဦးဒီလုံး(နမ့်ဆန်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်ဆန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် (ခေါ်) ဦးဒီလုံးဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုသည် အူအတက်ရောင်နေပါ၍ ၂-၉-၂၀၁၁ နေ့တွင် ခတင် ၁၀၀၀ ဆေးရုံကြီး၌ ခွဲစိတ်ကုသမှုခံယူထားရပါသဖြင့် ၅-၉-၂၀၁၁ နေ့မှ ၉-၉-၂၀၁၁ ရက်နေ့အထိ ငါးရက်အားခွင့်အဖြစ် ခွင့်ပြုပေးနိုင်ပါရန် ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကို၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ Control စက်ခန်းကမိမိညာဘက်မှာရှိတဲ့ Screen မပေါ်ပါဘူး။ ပြန်ပြုပြင်ပေးပါ။ ဆက်လက်ပြီးခွင့်ပန်ကြားပါ။

**ဦးတင်ဝင်း (မိုင်းယန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်ရဲ့ကိုယ်စား ခွင့်ပန်ကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်သည်

ဖျားနာ၍ နေမကောင်းပါသဖြင့် ဆေးခန်းတာဝန်ကျဆရာဝန်၏ ညွှန်ကြားချက်အရ ဆေးဝါးကုသမှု ခံယူပြီး အနားယူရမည်ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့မတက်ရောက်နိုင်သဖြင့် ယနေ့ ၅-၉-၂၀၁၁ ရက်နေ့ကို ခွင့်ရက်အဖြစ်သတ်မှတ်ပေးပါရန် ဦးစတီဖန်ရဲ့ကိုယ်စား ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးရဲထွန်း (သံတွဲမဲဆန္ဒနယ်)**။ ။လေးစားရပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးအောင်စိန်ဟာ ယမန်နေ့က ဖျားနာနေပါ သဖြင့် တည်းခိုဆောင်ဆေးခန်းဆရာဝန်က တစ်ရက်နားနေရန်ညွှန်ကြားပါသဖြင့် ဒီနေ့ ၅-၉-၂၀၁၁ ဒီနေ့ တစ်ရက်ကိုခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်သည် ၎င်း၏ဦးလေးဖြစ်သူ ပဲခူးမြို့တွင်ကွယ်လွန်သွားပါသဖြင့် နာရေးကိစ္စများ ကူညီဆောင်ရွက်ပေးရန် ယနေ့ ၅-၉-၂၀၁၁ ရက်နေ့တွင် ခွင့်တစ်ရက်ပေးပါရန် ဦးအောင်လင်းလှိုင် ၏ကိုယ်စားခွင့်တောင်းခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးအောင်ထွန်းသာ (မြောက်ဦးမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွန်းသာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာဟာ နေမကောင်းဖြစ်နေပါသဖြင့် စည်ပင် ဧည့်ရိပ်သာဆရာဝန်၏ ညွှန်ကြားချက်အရ အနားယူနေရပါတယ်။ သို့ဖြစ်ပါ၍ ဦးအောင်စိန်သာအား ဒီနေ့ ၅-၉-၂၀၁၁ တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးအောင်စိန်သာကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုးချဲ့ဖွဲ့စည်းခဲ့တဲ့ ကော်မတီ ၁၉ ခုတွင် ပါဝင်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနန္ဒကျော်စွာ(ပြည်သူ့လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ)**။ ။သုမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေခင်ဗျား။ ပထမဦးစွာ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီသက်တမ်း၊ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် အခွင့်အရေးများကို ကျွန်တော်ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးဌေးဦး | ဟသ်ာတမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်စိုးလေး | မိုးညှင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစောထွန်းခေါင်လွင် | ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးရဲထွန်းတင် | ဖားဆောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးကြီးမြင့်ကိုကို | ကာကွယ်ရေး | အဖွဲ့ဝင် |
| (စ) | ဦးဌေးလွင် | နမ့်ဆန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ကျော်ခင် | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိုးစိုး | ထီးချိုင့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစောဘသိန်း | သထုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစိုင်းဘိုးအောင် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးဝင်း | စမ်းချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးမောင်ဦး | ဖောင်းပြင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစံလင်း | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးမောင်မောင်တင် | ရေကြည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင်မောင်ဝင်း | မင်္ဂလာဒုံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိရေး ဆောင်ရွက်ပေးရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည် ။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းအားလုံးကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော် ဆောင်မှုကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးသိန်းဇော် | မြစ်ကြီးနားမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအင်ဖုန်ဆန်း | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးငွန်မောင်း | ဟားခါး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းအောင်ကြည် | မိုင်းတုံ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစတီဖန် | ကျိုင်းတုံ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးလှထွန်း | ခန္တီး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ငွေ | ထီးလင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဘငွေး | မိုးကုတ် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစောသိန်းအောင် | လှိုင်းဘွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဘရှိန် | ကျောက်ဖြူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဟော်ရှောက်ချန်း | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးစိုင်းမောင်တင် | လဲချား မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေး အလေးထားဆောင်ရွက်ရမည်။

(ဂ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဆ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါကအမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။ ဆီလျော်ပါကအမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဇ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်၊

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်၊

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန်အဆိုတင်သွင်းရမည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့် များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော် ဥက္ကဋ္ဌ ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်သောင်း | တောင်သာမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းမြင့် | မြင်းခြံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းဝင်း | တောင်တွင်းကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးအုန်းငွေ | မြောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတင်ဝင်း | ဒေးဒရဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးမြင့်လွင် | ကျိုက်ထိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးဘထီး | ရမ်းပြဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအေးသူ | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးကိုကြီး | အောင်မြေသာဇံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးကျင်ဝမ်း | ဟိုပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ခိုင်ဝင်း | မယ်စဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာစိုင်းကျော်အုန်း | နန့်ခမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးသန့်ဇင် | ကြို့ပင်ကောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမောင်မောင်စိုး | သာကေတမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် -

(က) ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သော်လည်းကောင်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါကအမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင်စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊

ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေး ခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ လုပ်ငန်းအားလုံးကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံ ရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးစိုးသာ | တွံတေးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုလွင် | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကြည်တင့် | ဓနုဖြူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းဆွေ | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိုးမြင့် | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးကျန်ထွန်း | ကနီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမျိုးသန့် | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးကြည်ပြုံး | စဉ့်ကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခွန်သိန်းဖေ | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်ခင်စောဝေ | ရသေ့တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါ်တင်နွယ်ဦး | ဒဂုံ(မြောက်) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးမြင့်လွင် | ကျိုက်ထိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအေးမောက် | မလှိုင်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် -

(က) စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီစောင့်ဆောင်ရွက်ပေးရမည်။

( ခ ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်ဥပဒေများကိုလေ့လာ၍ပယ်ဖျက်ရန်၊ပြင်ဆင်ရန်၊အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိ လွှတ်တော်သို့ တင်ပြရမည်။

( ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါကအမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဥ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဥ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီအဖွဲ့ဝင် တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကိုလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းအားလုံးကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဥ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**တောင်သူ လယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာ ကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးတင်ထွတ် | ဇလွန်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ကျော်ဦး | ရေဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးလှထွန်းဦး | ဒလမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းထွန်း | ကျောင်းကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးသိန်းရီ | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဂျိဖုန်ဆားရ် | နောင်မွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်လှိုင် | မဘိမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးတင်ဝင်း | ကောလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းသိန်း | ပင်လည်ဘူး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးပိုက်လင်း | ပလက်ဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မြင့် | မိုးမိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နန်းစေအွာ | ဘားအံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဇော်ထွန်း | မိုးမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |

`(ပ) ဦးအောင်သိန်း ရှာငံမဲဆန္ဒနယ် အဖွဲ့ဝင်

(ဇ) ဦးဌေးဝင်း လယ်ဝေးမဲဆန္ဒနယ် အတွင်းရေးမှူး

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် -

(က) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(ဂ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန်ကူညီ ဆောင်ရွက်ရမည်။

(ဃ) အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(င) ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။

(စ) လူငယ်များမျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်ဥပဒေ များကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဇ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ် ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့် ထိန်းညှိ ကူညီရမည်။

(ဈ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦး ကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**နိုင်ငံတကာ ဆက်ဆံရေး ကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးလှမြင့်ဦး | ပျဉ်းမနားမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ကျော်စိုး | နတ်မောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဂ) | ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ | ကျောက်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာရိုအုပ် | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးကြီးတင့်ဆန်း | ကာကွယ်ရေး | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျောက် | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်ရွှေ | ခင်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးမြသိန်း | မုဒုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစီခန်ရမ် | ခေါင်လန်ဖူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးအောင်ဆန်း | စဥ့်ကူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မြင့် | အရာတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဝင်းဆွေ | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစိုးသိမ်း | ကလေးဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးကိုကိုထွန်း | အောင်လံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ အထက်ပါအချက်များကို ထိန်းညှိကူညီဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

## တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီ

### ကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | သူရဦးအောင်ကို | ကန်ပက်လက်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းထွန်း | ဒီပဲယင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးဝင်း | ကျောက်တံတားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးတက်ထွန်းအောင် | ကာကွယ်ရေး | အဖွဲ့ဝင် |
| (င) | ဦးလွင်ဦး | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးမြင့်စိုး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးဌေးမောင် | ဆောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဇင်းဝမ် | နန်းယွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးတင်ထွေး | အုတ်ဖိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နန်းဝါနု | ကွန်ဟိန်းဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးစိုင်းသိန်းအောင် | တာချီလိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာရဲအုပ် | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင်နဲ့ |
| (ဏ) | ဦးမြင့်ထွန်း | ကော့သောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏သက်တမ်း

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေး အတွက်အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာ ရရှိရေးအတွက် စိစစ်ကူညီ ဆောင်ရွက်ပေးရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက် ရှိသည့်ဥပဒေ များကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(စ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန် သည့်အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေ အနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို

ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးစဥ်းစားရန် အဆိုတင်သွင်းရ မည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဥ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေး ခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံ ရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို အောက်ပါပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမောင်ဦး | တပ်ကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်လွင် | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်မြသန်း | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးပုပ်ခန့်အင် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးကြီးဌေးနိုင် | ကာကွယ်ရေး | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းဝင်းခိုင် | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ဦးအောင်ထွန်းသာ | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဖောင်းခေါင် | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ညို | လွိုင်ကော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ညွန့် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးပြည့်မောင် | မတ္တရာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးကျော်သန်း | ဇန်းမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးယိန်းဘောမ် | ဝိုင်းမော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးအိုက်ယွန်းမွန်း | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (ဏ) | ဦးတင်မောင်ဦး | ရွှေပြည်သာမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) ကောင်းမွန်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်၊

(ဂ) တည်ဆဲဥပဒေများနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်၊

(င) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေး ကူညီဆောင်ရွက်ပေးရမည်၊

(စ) ဘာသာ၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီဆောင်ရွက်ရမည်၊

(ဆ) အမျိုးသားမှတ်ပုံတင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်ရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင်ကော်မတီဝင်တစ်ဦး ကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းအားလုံးကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသမီးများနှင့် ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်ဆွေ | နမ့်စန်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်လဲ့လဲ့ဝင်းဆွေ | တာမွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခင်သန်းမြင့် | ငပုတောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ဇာတလဲမ်း | ထန်တလန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ဝင်းမော်ထွန်း | ရေနံချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းမြင့်အေး | လားရှိုးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဉာဏ်ဝင်း | လှိုင်သာယာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်ဇင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးကျော်မြင့် | နောင်ချိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဇုန်းတိန့် | ချီဖွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးအိုက်မုန်း | မန်တုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဝင်းကြည် | ပင်းတယမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဒေါ်နန်းစေအွာ | ဘားအံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမြင့်သူ | ဒဂုံ(အရှေ့)မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) အမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

( ခ) အမျိုးသမီးများ လူကုန်ကူးခံရခြင်း၊ အရွယ်မရောက်သေးသူကလေးသူငယ်များ အလုပ်ခိုင်းစေခြင်း၊ ကာကွယ်စောင့်ရှောက်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး၊ ထိန်းညှိကူညီနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

( ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

( င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်ဟု ဖြစ်ပါတယ်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင်ကော်မတီဝင်တစ်ဦး ကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်သိန်းလင်း | တောင်ဥက္ကလာပမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအေးမြင့် | အင်းစိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးသာဝင်း | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဉာဏ်ဝင်း | လှိုင်သာယာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်စုစုလှိုင် | ဒဂုံ(တောင်)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးသန်းစိန် | ကြည့်မြင်တိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးလှမြင့် | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်ပါ | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဈ) | ဦးတင်ထွန်း | ရွှေကျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက် | ဘူးသီးတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးစိုင်းအွမ်ဆိုင်မိုင်း | ကျေးသီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးတင်မောင် | ချမ်းမြသာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးကြည်မြင့် | လသာမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (ဏ) | ဒေါက်တာမောင်မောင်ဝင့် | ဇဟန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ခ) တည်ဆဲဥပဒေများသည် ခေတ်စနစ်နှင့်ကိုက်ညီနေပါက ယင်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးရေးအတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(ဂ) နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(ဃ) ပြုပြင်ပြောင်းလဲသင့်သော ကိစ္စများရှိပါက ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောတိုင်ကြားချက်များ၊ အသနားခံစာများ အားစိစစ်၍ လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(င) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သော ကိစ္စများရှိပါက ထိုကိစ္စရပ်များ၏ သုံးသပ်အကြံပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ စိစစ်တင်ပြရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦး ကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့်

အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

**ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**

**ကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို အောက်ပါပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးကြည်မင်း | ထားဝယ်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးယုံဘီး | တနင်္သာရီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးလှမောင် | ချောင်းဆုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာတင်မောင်ကြိုင် | ကြံခင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးဝင်းနိုင်(ခ)ဦးဖြူ | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးအောင်စိန် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသန်းဝင်း | ကျိုက်လတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်လင်းလှိုင် | ဘုတ်ပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးအေးဟန် | ပေါက်ခေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးသန်းဇော်ဦး | ကာကွယ်ရေး | အဖွဲ့ဝင် |
| (ဌ) | ဦးအေး | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဝင်းဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးဖေသန်း | မြေပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအေးဖေ | ကိုကိုးကျွန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာလုပ်ငန်းများအား ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေ အနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက် ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက

ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီအစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီအစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကြိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းအားလုံးကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်း ၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်ဟု ဖြစ်ပါသည်။အားလုံးကိုကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဒုတိယဥက္ကဋ္ဌတင်ပြခဲ့တဲ့ ကော်မတီ ၁၉ ခုတွင်ပါဝင်သည့် ကော်မတီများရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ကရှင်းလင်းတင်ပြမှုများကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကသဘောတူတဲ့အတွက် တင်ပြပါကော်မတီ ၁၉ ခုတွင် ပါဝင်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်းနှင့် ကော်မတီအတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီများ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ ( သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီကော်မတီများရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုအနည်းငယ်ရှင်းလင်းတင်ပြပါမယ်။ ဒီတာဝန်၊ လုပ်ပိုင်ခွင့်အခွင့်အရေးများကော်မတီ အသီးသီးရဲ့လုပ်ငန်းတာဝန်များပေါင်းစပ်လိုက်တဲ့အခါမှာ နိုင်ငံတော်၊ နိုင်ငံတော်တစ်ခုလုံး၊ နိုင်ငံတော်အစိုးရရဲ့ တာဝန်လုပ်ဆောင်ချက်များကို အားလုံးလွှမ်းခြုံကာမိတဲ့သဘောရှိပါတယ်။ ဒါကိုထပ်ဆင့် ရှင်းလင်းရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာပါဝင်တဲ့ ဥပဒေပြုစာရင်းဇယားတွေ့ရှိပါတယ်။ ဇယား(၁) မှာအားလုံး ဥပဒေပြုဖို့အခန်း ၁၁ ခန်းပါပါတယ်။ အဲဒီ ၁၁ ခန်းသည် ဒီနေ့ဝန်ကြီးဌာန အသီးသီးက တာဝန်ယူဆောင်ရွက်နေရတဲ့ လုပ်ငန်းတာဝန်များ၊လုပ်ငန်းတာဝန်များနဲ့ ပတ်သက်တဲ့ ဥပဒေများပြုဖို့ အတွက်ဖော်ပြထားတဲ့ဇယားဖြစ်ပါတယ်။ အဲဒီဇယားကိုအခြေခံပြီး မိမိရဲ့ ကော်မတီများရဲ့တာဝန်၊ လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်း ဖြစ်ပါတယ်။ ဒီလိုသတ်မှတ်ပြဋ္ဌာန်းတဲ့နေရာမှာ လွှတ်တော်ရဲ့ သဘောတူညီချက် ရရှိပြီးဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ သဘောတူညီချက် ရရှိပြီးဖြစ်တဲ့အချိန်မှာ ဒီတာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးပြဋ္ဌာန်းချက်များ အားလုံးကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ

သတင်းမီဒီယာတွေမှာလည်း ထည့်သွင်းဖော်ပြမှာ ဖြစ်ပါတယ်။ ခုန ကျွန်တော်တင်ပြခဲ့တဲ့ ဇယား(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)မှာ ဝန်ကြီးဌာနအသီးသီးက ဒီနေ့ဆောင်ရွက်ရမယ့် တနည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် လွှတ်တော်ရဲ့အဓိကတာဝန်ဟာ ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတကာက ဒီလွှတ်တော်အဖွဲ့အစည်းကို Law Maker လို့လည်းသုံးပါတယ်။ ဥပဒေပြုတယ်။ အဲဒီအတိုင်းပဲ Nationlative Ordy လို့လည်းသုံးပါတယ်။ ဒါဖြစ်ရင် ကျွန်တော်တို့ လွှတ်တော် တွေက ဥပဒေပြုရမှာဆိုတဲ့အတွက် ဘာဥပဒေပြုရမှာလည်းဆိုရင် ခုနက ကျွန်တော်တင်ပြတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ က အတည်ပြုတဲ့ ဇယား(၁)မှာပါတဲ့၊ အခန်း ၁၁ ခန်းမှာရှိတဲ့ ဖော်ပြထားတဲ့ အကြောင်းအရာအားလုံးနဲ့သက်ဆိုင်တဲ့ ဥပဒေများပြုရမှာဖြစ်ပါတယ်။ ကော်မတီများဖွဲ့ စည်းလိုက် တဲ့အခါမှာ အဲဒီဇယားမှာမပါတဲ့ အချက်အလက်များလည်း တွေ့ရပါတယ်။ အားလုံး ခြောက်ခု ဖြစ်ပါတယ်။ အဲဒီထဲမှာအခြေခံဥပဒေကသက်ဆိုင်တဲ့ ကဏ္ဍများပါသလို တချို့ ဒီမှာတော့ ကျွန်တော် မဖော်ပြတော့ဘူး။ အားလုံးခြောက်ခုပါတယ်။ အဲဒီခြောက်ခုကိုလည်း ကျွန်တော်တို့ အချင်းချင်း အခေါ်တော့(Table Zero)ကထည့်ပြီးတဲ့အခါမှာ Table One ထဲမှာထည့်ပြီးတော့ပြုစု ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီတာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ တစ်နည်းအားဖြင့် ဒီကော်မတီသည် ခုနကတင်ပြထားတဲ့အတိုင်းပဲ လွှတ်တော်ကျင်းပတဲ့အချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပါတယ်။ လွှတ်တော်ကျင်းပချိန်မဟုတ်တဲ့အချိန်မှာ လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဘာအတွက်တာဝန်ခံရမှာလည်းဆိုရင် လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များအတွက် တာဝန်ခံရမှာ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်အဓိကနှစ်ခုပါ။ ပထမတစ်ခုက ဥပဒေ ပြုရေးတာဝန်ဖြစ်ပါတယ်။ ဒုတိယတစ်ခုကပြုထားတဲ့ဥပဒေတွေအတိုင်း၊ လွှတ်တော်၊ ပြည်သူ၊ အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ဖို့ လိုက်နာဆောင်ရွက်တဲ့နေရာမှာ လိုအပ်လာလို့ရှိရင် ထိန်းသိမ်းကူညီဖို့ ဆိုတဲ့တာဝန်ဟာ လွှတ်တော် ရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ဥပဒေပြုရေးတာဝန်ဆိုတဲ့နေရာမှာ တည်ဆဲဥပဒေ၊ ဒီနေ့ တည်ဆဲဥပဒေများက ယခင်အဆက်ဆက်ကပြဋ္ဌာန်းထားသော ဥပဒေများဖြစ်သော်လည်း ဒီကနေ့ မိမိတို့လွှတ်တော်က အတည်ပြုတယ်ဆိုတဲ့သဘော သက်ရောက်တဲ့အတွက် တည်ဆဲဥပဒေ များလို့ခေါ်ဆိုရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေများသည် မိမိလွှတ်တော်က ပြဋ္ဌာန်းထားတာမဟုတ် သော်လည်း ဒါကိုအတည်ပြုထားတဲ့ လက်ရှိလက်ခံထားမယ်ဆိုရင် တည်ဆဲဥပဒေများဖြစ်တယ်လို့ သဘောသက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ဒီ ဥပဒေများကိုလည်း မိမိတို့ပြုထားတယ်ဆိုတဲ့၊ လက်ခံ ထားတယ်ဆိုတဲ့သဘောသက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ တည်ဆဲဥပဒေများနဲ့ ပတ်သက်ပြီးတော့

ဒီနေ့လေ့လာလိုက်တဲ့အခါမှာ ဝန်ကြီးဌာနအသီးသီးက တည်ဆဲ ဥပဒေပေါင်း ၄၀၁ ခုရှိပါတယ်။ ဒီ ၄၀၁ ခုကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဘယ်ဝန်ကြီးဌာနက ဘယ်လိုဥပဒေတွေကို ဥပဒေပေါင်း ဘယ်လောက် သူတို့အခေါ်တော့ Manage ပေါ့လေ၊ စီမံခန့်ခွဲရသလဲဆိုတာ တွေကိုလည်း သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများထံ ဖြန့်ဝေထားတာရှိပါတယ်။ ဥပမာ အာဏာပိုင်အဖွဲ့အစည်း များလို့ခေါ်ဆိုတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီက ဥပဒေ ၂၆ ခု ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရုံးက ၁၀ ခုရှိပါတယ်။ ဒီလိုနဲ့သွားမယ်ဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနမှာ ဆိုရင် ၅၀ စသည် စသည်ပေါ့လေ၊ အားလုံးပေါင်း ဒီနေ့ တည်ဆဲ ဥပဒေပေါင်း မြန်မာနိုင်ငံမှာ ၄၀၁ ခု ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မိမိဥက္ကဋ္ဌထံကို မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းပြီးတဲ့ တည်ဆဲဥပဒေများနှင့် ပတ်သက်ပြီး မိမိတို့လိုချင်ပါတယ် ဒီလိုတင်ပြပါတယ်။ တင်ပြတဲ့အချိန်မှာ မိမိတို့လွှတ်တော်မှာ အဲဒီတည်ဆဲဥပဒေ အပြည့်အစုံမရှိပါဘူး။ အပြည့်အစုံမရှိတဲ့အတွက် တည်ဆဲဥပဒေများကို ကိုင်တွယ်ထိန်းသိမ်းထားတဲ့ ရှေ့နေချုပ်ရုံးကို လှမ်းပြီးတော့ကမ်းလှမ်းပါတယ်။ အဲဒီအချိန်မှာလည်း ရှေ့နေချုပ်ရုံးမှာ တည်ဆဲဥပဒေ၊ ဥပဒေကြီး အပိုင်းကတော့၊ မူလဥပဒေအပိုင်းကတော့ အားလုံးနီးပါး ရှိပေမယ့်၊ တည်ဆဲဥပဒေက နေထပ်ဆင့် ထပ်ဆင့်ပေါ်ပေါက်လာတဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်နဲ့ပတ်သက်လို့ မရှိပါဘူး။ မရှိတဲ့အတွက် မေတ္တာရပ်ခံပြီး ဒါတွေပြုစုပေးဖို့ ဆောင်ရွက်တဲ့နေရာမှာ ယနေ့အထိလည်း ပြည့်ပြည့်စုံစုံမရသေးပါဘူး။ ဒါ့ကြောင့် ကျွန်တော်ဒီမှာ ပြန်တင်ပြချင်တာက ကျွန်တော်တို့လွှတ်တော်ရဲ့ အဓိကတာဝန်က ဥပဒေပြုဖို့၊ ဥပဒေပြုဖို့ဆိုလို့ရှိရင် တည်ဆဲဥပဒေတွေကို ဒီအတိုင်းပဲ လွှတ်တော်က လက်ခံထားတယ်ဆိုရင် ဒီဟာသည်လည်း လွှတ်တော်က လက်ခံထားတဲ့ အတွက်မိမိတို့ ပြဋ္ဌာန်းထား တဲ့ဥပဒေလိုပဲ သတ်မှတ်မယ့်သဘောရှိပါတယ်။ ဒါ့ကြောင့် အဲဒီဥပဒေတွေဟာ ပြန်လည်လေ့လာ သုံးသပ်ပြီးတော့ ဘယ်ဥပဒေက ဖျက်သိမ်းရမလဲ၊ ဘယ်ဥပဒေက ပြင်ဆင်ရမလဲ၊ ဘယ်ဥပဒေပယ်ဖျက် ပြီးတဲ့အခါမှာ အသစ်ပြုစုရမလဲဆိုတာ မိမိတို့ရဲ့ လွှတ်တော်ရဲ့တာဝန်ပဲ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့တာဝန်ကို ထမ်းဆောင်တဲ့နေရာမှာ ယခင်ဖွဲ့စည်းထားတဲ့ ကော်မတီလေးရပ် အနက် အဲဒီလွှတ်တော် Prinaty တစ်ခုတည်းနဲ့ ထမ်းဆောင်လို့မရနိုင်ပါဘူး။ ဒီလို ထမ်းဆောင်နိုင်ဖို့ ဆိုလို့ရှိရင် ဒီနေ့ဖွဲ့စည်းပေးလိုက်တဲ့ ကော်မတီ ၁၄ ခုရဲ့အားပါရှိမှသာ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန် များထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်က ကျွန်တော် တင်ပြခဲ့တဲ့ တစ်က ဥပဒေပြုရေး၊ ဒါကြောင့်မို့လို့ သက်ဆိုင်ရာကော်မတီ အသီးသီးမှာ ဘယ်ကဏ္ဍတွေနဲ့ဆိုင်သလဲ ဆိုတာ ကိုလည်း ဒီနေ့တော့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဆီကိုတော့ မရောက်ရှိသေးပါဘူး။ ကျွန်တော်

ပေးပို့ဖို့ပြောတဲ့နေရာမှာ ဒါလေးတစ်ခုကျန်ပါတယ်။ သဘောကတော့ ကျွန်တော်တို့ကော်မတီ ၁၄ ခုဟာ ဝန်ကြီးဌာန ၃၄ ခုထဲက ဘယ်ကော်မတီသည် ဘယ်ဝန်ကြီးဌာနနဲ့၊ ဘယ်ကော်မတီသည် ဘယ်ဝန်ကြီးဌာနနဲ့ တချို့ကော်မတီကြတဲ့အခါကျတော့ ဝန်ကြီးဌာန ၃ ခု လောက်နဲ့ ဆက်စပ်နေတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဆက်စပ်နေတဲ့ ကော်မတီတွေဟာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက သူတို့အခေါ်စီမံခန့်ခွဲတဲ့ Manage လုပ်ထားတဲ့ ဥပဒေများကိုပြန်လည်လေ့လာဖို့လိုပါတယ်။ လေ့လာပြီးတဲ့အခါမှာ ဒီဥပဒေဟာ ကျွန်တော်တင်ပြခဲ့တဲ့ အတိုင်းပဲပယ်ဖျက်သင့်တဲ့ဥပဒေ၊ ဒီဥပဒေက ပြင်ဆင်သင့်တဲ့ဥပဒေ၊ ဒီဟာကတော့ အသစ်ထပ်မံ ပြုစုရမယ်ဆိုတာကို သက်ဆိုင်ရာ ကော်မတီတွေ လေ့လာပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စရှိပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီများရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်မှာ ဒီအချက်ကို အမြဲထည့်ထားပါတယ်။ နောက်တစ်ခုက သက်ဆိုင်ရာဌာနများက အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့အမိန့်၊ ညွှန်ကြားချက်များသည် ခေတ်စနစ်နဲ့လျော်ညီမှုရှိတယ် ဆိုလို့ရှိရင် ဒါကို လိုက်နာကျင့်သုံးရေးအတွက် သက်ဆိုင်ရာ ကော်မတီများက စောင့်ကြည့် ကူညီပေးဖို့ ဖြစ်ပါတယ်။ အဲဒီအမိန့်၊ ညွှန်ကြားချက်များဟာ မူလ ဥပဒေနဲ့ မညီညွတ်ဘူးဆိုလို့ရှိရင် ဒီကော်မတီ များက သက်ဆိုင်ရာဌာနများကို တားမြစ်ခြင်း၊ ခေါ်ယူ၍ ဆွေးနွေးခြင်းများပြုလုပ်ပြီးတော့ လွှတ်တော်မှာ ဒီဥပဒေများ ပြန်ပြုပြင်နိုင်ဖို့အတွက်လည်း ကော်မတီ များမှာတာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီများရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးဟာ မည်မျှထိကြီးမားကြောင်း၊ မည်မျှထိ အရေးပါကြောင်းကိုလည်း သိရှိစေရန် တင်ပြခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တစ်ချိန်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဒီထဲမှာပါတဲ့ ပုဂ္ဂိုလ်အများစုမီခဲ့ပါတယ်။ အဲဒီထဲမှာလည်း လွှတ်တော်ကိုရောက်ပြီးတော့ လွှတ်တော်မှာ၊ ရေးရာကော်မတီမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ပုဂ္ဂိုလ်များ လည်း ဒီလွှတ်တော်ကိုယ်စားလှယ်များမှာ ပါပါတယ်။ ပြန်ပြီး လေ့လာသုံးသပ်မယ်ဆိုရင် အဲဒီအချိန် တုန်းက လွှတ်တော်ဆိုတာရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ထဲမှာ ဘာဖွဲ့ထားသလဲဆိုရင် ရေးရာ ကော်မတီ ၁၄ ခု ဖွဲ့ထားပါတယ်။ အဲဒီရေးရာကော်မတီ ၁၄ ခုဟာ အစိုးရဝန်ကြီးဌာန အားလုံးကို Cover ဖြစ်အောင် သူကဖွဲ့ထားတဲ့ သဘောရှိပါတယ်။ ပြန်ပြီးသုံးသပ် မယ်ဆိုလို့ရှိရင် အဲဒီကာလ တုန်းက လွှတ်တော်ရှိပါတယ်။ အစိုးရရှိပါတယ်။ ပြီးတဲ့အခါမှာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းလို့ပြော တဲ့ပြည်သူ့တရားသူကြီးအဖွဲ့ ဆိုတာရှိပါတယ်။ ပြီးတဲ့အခါမှာ ဥပဒေ အကျိုးဆောင်အဖွဲ့ဆိုတာရှိပါ တယ်။ ပြီးတဲ့အခါမှာ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဆိုတာရှိပါတယ်။

ဒီနေ့ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းလိုက်တဲ့ ကော်မတီအသီးသီးကို ပြန်သုံးသပ်မယ် ဆိုရင် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို တာဝန်ယူရတဲ့ ကော်မတီမျိုး

များလည်း ဒီထဲမှာ ရှိထားပါတယ်။ ဥပမာအားဖြင့် ပြည်သူ့ငွေစာရင်းဆိုလို့ရှိရင် ငွေစာရင်းကို စစ်ဆေးရုံတင် မကဘဲနဲ့ လိုအပ်လာလို့ရှိရင် လုပ်ငန်းနယ်ပယ်အထိ ဝင်ရောက်စစ်ဆေးခြင်း အဲဒီအတိုင်းပဲ အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များ၊ တာဝန်ခံချက်များ ဆိုလို့ရှိရင်လည်း ခုနက ပြည်သူ့ငွေစာရင်းအဖွဲ့ကို ကူညီဆောင်ရွက်ပေးခြင်းနဲ့ ယခင်တုန်းက ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းစဉ်နဲ့ ဆက်စပ်တဲ့ကိစ္စများကို တာဝန်ယူရမယ့် အနေအထားမျိုး ဖြစ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါလိမ့်မယ်။ အဲဒီတိုင်းပဲ ဥပဒေအကျိုးဆောင်အဖွဲ့ စသည်ဖြင့် ဘယ်အဖွဲ့ကတော့ ဥပဒေအကျိုးဆောင်အဖွဲ့ကဲ့သို့ တာဝန်ယူထားတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဖွဲ့စည်းလိုက်တဲ့ ကော်မတီ များသည် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့သာမကဘဲနဲ့ ဟိုတုန်းကဖွဲ့ခဲ့တဲ့ ဗဟိုအာဏာပိုင်အဖွဲ့အစည်း များနဲ့ပါ သက်ဆိုင်တယ်ဆိုတာ အားလုံးသိရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီနေ့ ဒီမှာ လွှတ်တော်ကို တင်ပြချင်တာက ဒီနေ့ ကော်မတီများ ဖွဲ့စည်းပြီးပါပြီ။ ဒီကော်မတီများရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကိုလည်း လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးပြီးဖြစ်ပါတယ်။ ဒီကော်မတီများဟာလည်းပြည်ထောင်စုအဆင့်ဖြစ်ကြပါတယ်။ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အခွင့်အရေးများဟာလည်း အင်မတန်မှကြီးမားလှပါတယ်။ ကော်မတီများဟာ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံပြီး လွှတ်တော်ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံကူညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယနေ့ ယခု ထပ်မံဖွဲ့စည်းလိုက်တဲ့ ကော်မတီအသီးသီးရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်များကို စုပေါင်းလိုက်လျှင် နိုင်ငံတော်တစ်ရပ်လုံး လွှမ်းခြုံအကျုံးဝင်သွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၁ ပါ ဥပဒေပြုစာရင်းနှင့် ဇယား ၁ တွင် မပါသော်လည်း အင်မတန်မှအရေးကြီးတဲ့ အခြေခံဥပဒေမှာ အခြေခံရမယ့် ဥပဒေများကိုပါ လွှမ်းခြုံတာဝန်ပေးထားကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ကော်မတီများမှာ ကော်မတီတစ်ဖွဲ့မှာ တချို့ဆိုလို့ရှိရင် တစ်ဖွဲ့မှာတစ်ဦး၊ တချို့ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ ကော်မတီနှစ်ခုမှာ ပါဝင်တာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလွှတ်တော်ရေးရာကိစ္စရပ်များမှတစ်ဆင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ ကော်မတီများ၊ ကော်မတီဝင်များရဲ့ စေတနာနဲ့အရည်အချင်းက စိတ်စေတနာနဲ့ မှန်ကန်သောလုပ်ဆောင်မှုများဟာ ယနေ့မျက်မှောက် မြန်မာနိုင်ငံတော် နိုင်ငံသားများနှင့်အနာဂတ် မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အင်မတန်မှအရေးကြီးလှပါကြောင်း ကျွန်တော့်အနေနဲ့ လွှတ်တော်ကို တင်ပြအပ်ပါတယ်။

အခါအားလျော်စွာ ကျွန်တော်တို့လွှတ်တော်မှာ စက်ခလုတ်နဲ့ မဲပေးဆန္ဒပြုရတာတွေ ရှိပါတယ်။ ဒီစက်ခလုတ်နဲ့ ပတ်သက်လို့ လျှပ်စစ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်

လည်းကောင်း ချို့ယွင်းမှုတွေလည်းရှိပါတယ်။ ဒီနေ့ဆိုလို့ရှိရင် ကျွန်တော့်ရဲ့ Screen မှာ ခုနက စက်ခလုတ်နဲ့ပတ်သက်လို့ လိုအပ်တဲ့ အချက်အလက်တွေ မပေါ်ပါဘူး။ ပြီးခဲ့တဲ့ ပထမအကြိမ် လွှတ်တော်အစည်းအဝေးမှာ ရွေးချယ်တင်မြှောက်မှုနှင့်ပတ်သက်လို့ တချို့တချို့သော လွှတ်တော်ကိုယ်စားလှယ်များကလည်း စက်ခလုတ်အပေါ် ယုံကြည်မှုမရှိခဲ့ကြောင်းလည်း ကျွန်တော်တို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ရှေ့သွားမယ့် လွှတ်တော်အစည်းအဝေးတွေမှာ လိုအပ်လို့ ဆန္ဒမဲယူတဲ့အချိန်မှာ စက်ခလုတ်ကို အဓိက အားထားစရာလို့ မသတ်မှတ်ဘဲနဲ့ ပြောင်ကျကျပဲ မတ်တပ်ရပ်ဆန္ဒပေးတဲ့ဟာက ပိုပြီးရှင်းလင်းပါတယ်။ ဒီနေရာမှာလည်း လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဆွေးနွေးခွင့်၊ လွတ်လပ်စွာဆန္ဒပြုခွင့်ရှိတဲ့အတွက် ကိုယ့်ရဲ့ဆန္ဒကို ထုတ်ဖော်တဲ့နေရာမှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ကြောက်စရာ၊ ရွံ့စရာမလိုပါဘူး။ ပြီးလို့ရှိရင် အရင်တုန်းက ဒီစက်ခလုတ်နဲ့ပတ်သက်လို့ အယုံအကြည်ရှိသလိုလို၊ မရှိသလိုလို ပြောတဲ့စကားတွေလည်း ရှိတဲ့အတွက် အခုလိုအားလုံးရဲ့ရှေ့မှောက်မှာ မြင်သာထင်သာလုပ်တဲ့ လုပ်ငန်းတွေပဲ ဆက်လုပ်သွားဖို့ အလားအလာပိုများကြောင်းလည်း ကြိုတင်ပြီးတော့ အသိပေးချင်ပါတယ်။ ကျွန်တော်တို့ ဒီစက်ခလုတ်နဲ့ မဲပေးခြင်းကိုတော့ ကျွန်တော်တို့လွှတ်တော်တွေမှာ ခေတ်မီတယ်။ စက်ခလုတ်နဲ့ မဲပေးလို့ရတယ်ဆို တဲ့ဟာပဲသတ်မှတ်ပြီးတော့ သေချာတဲ့၊ ရေရာတဲ့ ပြောင်မဲပေး စနစ်ကိုပဲ အများဆုံးဆက်ကျင့်သုံး သွားမယ်ဆိုတာကိုလည်း အားလုံးအသိပေးတင်ပြလိုပါတယ်။ အဲဒီလို အသိပေးတင်ပြချက်နဲ့လည်း ရဲရဲယုံကြည်ပြီး မိမိရဲ့ယုံကြည်ချက်၊ နောက် မိမိရဲ့ဆန္ဒကိုလည်း ထုတ်ဖော်ခွင့် ရှိပါတယ်။ အဲလို ထုတ်ဖော်တဲ့အတွက်လည်း မည်သူတစ်ယောက်တစ်ယောက်မျှ ဒုက္ခပေးလိမ့်မည်မဟုတ်၊ ဒုက္ခပေးနိုင်တဲ့ အခွင့်အရေးလည်း မရှိကြောင်းကိုလည်း လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ တင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်(အင်္ဂါနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။